Message Nine

တိုင်များနှင့် အလင်းအိမ်များ

ဖတ်ရန်ကျမ်း။ ။ ဗျာ၊ ၃း၇-၁၃။ ဖိ၊ ၂း၁၂-၁၆

I. သုံးပါးတစ်ပါးဘုရား၌ တိုင်များဖြစ်လာရန်အလို့ငှာ ကျွန်ုပ်တို့သည် ဖိလဒေလဖိ၏ လမ်းစဉ်ဖြစ်သည့် အသင်းတော်အတွက် ဘုရားသခင်စီမံထားသော လမ်းစဉ်ကို ယူဆောင်ရမည်ဖြစ်သည်။ ဖိလဒေလဖိ၌ရှိသော အသင်းတော်အားဖြင့် ပုံဆောင်ထားသည့် ပြန်လည်ရယူခြင်းခံရသည့် အသင်းတော်သာလျှင်၊ ဘုရားသခင်၏ ထာဝရအကြံအစည်တော်ကို ပြည့်စုံစေနိုင်၍ ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒကို ကျေနပ်နှစ်သိမ့်စေနိုင်ပါသည် - ဗျာ၊ ၃း၇-၁၃။ ည္ဥန်း၊ ၂၁း၂။

A. ဖိလဒေလဖိ၌ရှိသော အောင်မြင်သော ယုံကြည်သူများသည် ယခု မျက်မှောက်သမ္မာတရားကို သိကျွမ်းနားလည်သော တိုင်များဖြစ်၍၊ သမ္မာတရားကို လုံးလုံးစွဲကိုင်ကြကာ၊ သမ္မာတရား၏တိုင်နှင့် အခြေအမြစ်အဖြစ် အသင်းတော်အတွက် သမ္မာတရားဖြင့် စေ့စပ်ထုံဖွဲ့ခြင်းခံရသူများ ဖြစ်ကြသည် - ၂ပေ၊၁း၁၂။ ၁တိ၊၃း၁၅-၁၆။

B. ဖိလဒေလဖိ၌ရှိသော အောင်မြင်သောယုံကြည်သူများသည် သူတို့၌ ရှိသောအရာကို စွဲကိုင်ထားကြသည်။ ၎င်းတို့ ရရှိထားသောအရာမှာ ဓမ္မသစ်တုန့်ပြန်ရာမဲ့ အမှုတော်ဖြစ်သော "ဤအမှုတော်" ပင်ဖြစ်သည်၊ အမှန်စင်စစ် သခင်ဘုရား၏ ပြန်လည်ရယူခြင်းမှာ ကျွန်ုပ်တို့အား ဓမ္မသစ်၏ တုန့်ပြန်ရာမဲ့အမှုတော်ထံသို့ ပြန်လည်ခေါ်ဆောင်လာရန်ပင် ဖြစ်သည် - ဗျာ၊၃း၁၁။ ၂ကော၊၄း၁။

1. ဝိညာဉ်တော်၏အမှုတော်သည် ကျွန်ုပ်တို့အား ဘုရားဖြစ်စေရန် အသက်ရှင်သော ဘုရားသခင်၏ဝိညာဉ်တော်တည်းဟူသော ဘုရားဆိုင်ရာနှင့် နက်နဲသော "မင်" အားဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံးများပေါ်တွင် ရေးသားထားခြင်းဖြင့် ခရစ်တော်၏ အသက်ရှင်သောစာများ ဖြစ်လာစေသည့် ပဋိညာဉ်တရားသစ်၏ အမှုတော် ဖြစ်သည် - ဤသည်မှာ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်ပင် ဖြစ်သည် - ၃း၃၊ ၆၊ ၈၊ ၁၈။ ၄း၁။ ည္ဥန်း၊ ဗျာ၊ ၂း၇ခ။ ၂၂း၁၇က။

2. ဖြောင့်မတ်ခြင်း၏အမှုတော်သည် ကျွန်ုပ်တို့ကို ဖြောင့်မတ်ရာသို့ရောက်စေခြင်းအတွက် ကျွန်ုပ်တို့၏အပြင်ပိုင်း ဖြောင့်မတ်ခြင်းအဖြစ်လည်းကောင်း၊ ဘုရားသခင်၏အသက်ဆိုင်ရာကယ်တင်ခြင်း၌ ခရစ်တော်ကို ရှင်ထွက်ခြင်းနှင့် စစ်မှန်စွာထင်ရှားခြင်းအတွက် ဝိညာဉ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲပေးခြင်းအလုပ်အားဖြင့် ကျွန်ုပ်တို့အထဲသို့ "ရက်လုပ်ထားသော" ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြောင့်မတ်ခြင်းအဖြစ်လည်းကောင်းရှိသော ခရစ်တော်၏အမှုတော်ပင် ဖြစ်သည် - ဤသည်မှာ ဘုရား-လူ အသက်ရှင်ခြင်းဖြစ်သည် - ၂ကော၊၃း၉။ ဆာ၊၄၅း၁၊ ၁၃-၁၄။ ရော၊၅း၁၀။

3. ပြန်လည်သင့်မြတ်ခြင်းအမှုတော်သည် လောကီသားတို့အား သူတို့၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းအတွက် အပြစ်များကို ခွင့်လွှတ်ခံရခြင်းမှတဆင့် ခရစ်တော်ထံသို့သူတို့အား ရန်ငြိမ်းစေခြင်း၏ အမှုတော်နှင့် ယုံကြည်သူများအား သူတို့၏ အသက်ဆိုင်ရာကယ်တင်ခြင်းအတွက် အသန့်ရှင်းဆုံးဌာန၌၊ ဝိညာဉ်၌ အသက်ရှင်သောပုဂ္ဂိုလ်များ ဖြစ်နိုင်စေခြင်းဌာ သူတို့အား ခရစ်တော်ထံသို့ ရန်ငြိမ်းစေခြင်း၏ အမှုတော်လည်းဖြစ်သည် - ဤသည်မှာ ဘုရားသခင်၏ အလိုတော်အတိုင်း လူတို့အား ထိန်းကျောင်းခြင်းဖြစ်သည် - ၂ကော၊ ၅း၁၈-၂၁။ ၁ပေ၊၅း၁-၄။

4. တိုင်အဖြစ်သို့ စုံလင်ခြင်းခံရရန်နည်းလမ်းမှာ ဤအမှုတော်အား စွဲကိုင်ထားခြင်း၊ ဘုရားသခင့်စီမံကိန်း၏ ကောင်းမွန်သော အကြောင်းအရာများကို မွေ့လျော်စားသောက်ခြင်း၊ ကိုယ်တော်၏ ဦးခေါင်းတော် အရိုက်အရာအောက်ရှိ သခင်ဘုရား၏ လှုပ်ရှားမှု မျက်မှောက်စီးဆင်းခြင်း၌ တည်ရှိနေခြင်းနှင့် သေခြင်းနှင့် ကွဲပြားခြင်းတို့ထံမှ ဝေးဝေးနေထိုင်ခြင်းတို့ဖြစ်သည် - ၂တိ၊၃း၁၀။ ၁တိ၊၄း၁၅။ ရော၊၈း၆။ ၁၆း၁၇။ ၁ယော၊ ၂း၁၈-၂၀။ ၁ကော၊၁၁း၁၉။ စာရင်း၊၁၆း၃၊ ၇။

C. ဖိလဒေလဖိ၌ ရှိကြသော အောင်မြင်သူများ၏ ဝိသေသလက္ခဏာများမှာ ဘုရားသခင့်စီမံကိန်း၏ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ သူတို့ရောက်ရှိခြင်းပင် ဖြစ်သည်။

1. အာရှိပြည်မှ အသင်းတော်တစ်ပါး - ဖိလဒေလဖိမြို့၌ရှိသောအသင်းတော် - သည် တုန့်ပြန်ရာမဲ့ဖြစ်၍ သခင်ဘုရားအား ဖြင့် အမြင့်ဆုံးချီးမွမ်းခြင်း ခံခဲ့ရသည်။ သခင်ဘုရားသည် သူတို့ကို နှစ်သက်ချီးမွမ်းရခြင်းမှာ သူတို့သည် ကိုယ်တော်၏

စကားတော်ကို စောင့်ထိန်းကြသောကြောင့်တည်း၊ ဆိုလိုသည်မှာ သူတို့သည် တမန်တော်များ၏ သွန်သင်ခြင်းမှ၊ ဘုရားသခင့် စီမံကိန်း၏ ကျန်းမာစေသော သွန်သင်ခြင်းမှ၊ ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်မှ အဝေးသို့ လှည့်ပြန်သွားခြင်း မရှိကြခြင်းပင် ဖြစ်သည် - ဗျာ၊၃း၈။ ၂တိ၊၃း၁၆-၁၇။ ၁တိ၊၁း၃-၄။

2. အောင်မြင်သူများသည် ဗိမာန်တော်၌ တိုင်များဖြစ်ရန် ဆိုသည်မှာ သူတို့သည် သုံးပါးတစ်ပါးဘုရား၌ တိုင်များဖြစ်လိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်၊ အကြောင်းမှာ ဗိမာန်တော်သည် "အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်နှင့် သိုးသငယ်ဖြစ်သောကြောင့်တည်း။ ဘုရားသခင်သည် သူတို့အား အသက်ရှင်၍ အဖိုးထိုက်သော ကျောက်များဖြစ်စေရန် သူတို့အထဲသို့ တည်ဆောက်ခံတော်မူ၍၊ သူတို့သည် ဘုရားနှင့်လူ၏ အပြန်အလှန် တည်နေရာအဖြစ် ဘုရားသခင်နှင့် သူတို့၏ စုပေါင်းလုပ်ဆောင်ခြင်းအတွက် ဘုရားသခင်၌ ကျောက်တိုင်များဖြစ်စေရန် ဘုရားသခင်အထဲသို့ တည်ဆောက်ခြင်း ခံကြရသည် - ဗျာ၊၃း၁၂က၊ ၂၁း၂၂၊ ၃။ ဆာ၊၉၀း၁။ ယော၊၁၄း၂၃။ ညွှန်း၊ ၁ဘုရင်၊၇း၁၅-၂၂။

3. အောင်မြင်သောသူအပေါ်တွင် ဘုရားသခင်၏နာမ၊ ယေရုရှလင်မြို့သစ်၏နာမ၊ သခင်ဘုရား၏နာမတို့ကို ရေးထိုးထားခြင်းမှာ ဘုရားသခင်၏ဖြစ်ခြင်း၊ ယေရုရှလင်၏သဘောသဘာဝနှင့် သခင်ဘုရား၏ပုဂ္ဂိုလ်တော် စသည်တို့အားလုံးမှာ အောင်မြင်သူအထဲသို့ ဆောင်သွင်းခြင်းခံရကြောင်းနှင့် သူတို့ကို သုံးပါးတစ်ပါးဘုရားဖြင့် တံဆိပ်ခတ်နှိပ်ခြင်းနှင့် သူတို့အား ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်စေခြင်းတို့အား ရည်ညွှန်းခြင်း ဖြစ်သည် - ဗျာ၊၃း၁၂ခ။ ၂၂း၄ခ။

D. ဖိလဒေလဖိ၌ရှိသော အောင်မြင်သူများ၏ ဝိသေသလက္ခဏာမှာ ခရစ်တော်၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်သော သူတို့၏ ဘုရား-လူ အသက်ရှင်ခြင်းဖြစ်သည် - ၃း၇။ ဟေရှာ၊၂၂း၁၅၊ ၂၀-၂၄။

1. ဖိလဒေလဖိ၌ရှိသော အောင်မြင်သူများတွင် အနည်းငယ်သော ခွန်အားရှိသည်၊ ဤအရာက သခင်ဘုရားကို အားရကျေနပ်စေသော အရာမှာ ကိုယ်တော်အတွက် များစွာ လုပ်ဆောင်ခြင်း မဟုတ်ဘဲ၊ ကျွန်ုပ်တို့၌ ရှိသမျှသောအရာဖြင့် ကိုယ်တော်အတွက် အကောင်းဆုံး လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆိုလိုသည်- ဗျာ၊၃း၈။ ၂ကော၊၁၂း၇-၁၀။ မာ၊၁၄း၈။

2. ဖိလဒေလဖိ၌ရှိသော အောင်မြင်သူများသည် သခင်ဘုရား၏စကားတော်ကို ချစ်မြတ်နိုး၍ စောင့်ထိန်းကြသည်၊ ၎င်းမှာ သူတို့အဖို့ "ရွှေနှင့် ငွေ အထောင်၊ အသောင်းထက်မက" သာ၍ ကောင်းမွန်သည် (ဗျာ၊၃း၈၊ ဆာ၊၁၁၉း၇၂၊ ၁၄၀)၊ သူတို့သည် ဘုရားသခင်၏ မှုတ်သွင်းခြင်းနှင့်အတူ ဘုရားသခင်၏လူများဖြစ်ရန် အမျိုးမျိုးသောဆုတောင်ခြင်းအားဖြင့် သော်လည်းကောင်း၊ ဘုရားသခင့်စီမံကိန်း၏ ကျန်းမာသောသွန်သင်ခြင်း၌ တည်နေခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်-မှုတ်သွင်းတော်မူသော နှုတ်ကပတ်တော်ကို လက်ခံရယူကြသည် (၈၊၆း၁၇-၁၈။ ၂တိ၊၃း၁၄-၁၇။ ညွှန်း၊ ၁တိ၊၆း၃-၄)။

3. ဖိလဒေလဖိ၌ရှိသော အောင်မြင်သူများသည် သခင်ဘုရား၏နာမကို မငြင်းပယ်ကြပေ (ဗျာ၊၃း၈)။ သူတို့သည် သခင်ယေရှုခရစ်၏ နာမ မဟုတ်သော အခြားသောနာမများအားလုံးကို စွန့်ပယ်ခဲ့ကြကာ၊ ကိုယ်တော်၏ကြွယ်ဝခြင်းများကို လက်ခံရရှိရန် သခင်ဘုရား၏နာမကို ခေါ်ဆိုခဲ့ကြပြီး (ရော၊၁၀း၉-၁၀၊ ၁၂-၁၃)၊ ယေရှုခရစ်တော်သည် သခင် ဖြစ်တော်မူကြောင်း နှုတ်နှင့် ဖွင့်ဟဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြသည် (ဖိ၊ ၂း၁၁)။

E. ဖိလဒေလဖိ၌ရှိသော အောင်မြင်သူများ၏ ဝိသေသလက္ခဏာမှာ သူတို့၏ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာ ဖြစ်သည်။ သူတို့အလယ်တွင် ချစ်ခြင်းမေတ္တာသည် လွှမ်းမိုးလျက် ရှိသောကြောင့် သူတို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ လူတို့အားထိန်းကျောင်းကြသည်။ ဆိုလိုသည်မှာ သူတို့၏ ခမည်းတော်ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းအတိုင်း၊ သူတို့၏ကယ်တင်ရှင် ခရစ်တော်၏ ထိန်းကျောင်းခြင်းနှင့် ရှာဖွေခြင်းဝိညာဉ်အတိုင်း လုပ်ဆောင်ကြခြင်းဖြစ်သည်။

1. သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် သခင်ယေရှုကို ချစ်ခြင်းအား ပြန်လည်ရယူခြင်းဖြစ်သည်။ ဖိလဒေလဖိ၌ရှိသော အောင်မြင်သူများသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏အခြေပြုရာအပေါ် ရပ်တည်လျက်၊ သခင်ဘုရားကို ချစ်ရန်နှင့် ညီအစ်ကိုများကိုချစ်ရန် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၌ မိမိတို့ကိုယ်ကို စောင့်ထိန်းထားကြသည် - သူကြီး ၂၀-၂၁။ ၂ကော၊၅း၁၄။ ယော၊၁၂း၃၅။ လု၊၇း၄၇။ ၁ယော၊၃း၁၄-၁၆။ ညွှန်း၊ ဆာ၊၁၃၃။

2. အသင်းတော်၌ ပထမနေရာဖြစ်လိုခြင်းသည် ကိုယ်တော်အား အရာခပ်သိမ်း၌ ပထမနေရာ ပေးခြင်းအားဖြင့် သခင်ဘုရားကို ကျွန်ုပ်တို့၏ ရှေ့ဦးမေတ္တာအဖြစ် ထားရှိခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည် - ၃ယော၊၉။ ကော၊၁၁၈၈။
3. အသက်ရှင်သောအုပ်စုငယ်များတွင် ချစ်ခြင်းမေတ္တာသည် လွှမ်းမိုးခြင်း ရှိရမည်ဖြစ်သည်။ ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အတွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် ကျွန်ုပ်တို့အား ရှေးဦးစွာ ချစ်တော်မူပြီး၊ ထိုသို့ပြုခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ညီအစ်ကိုများကို ချစ်နိုင်သော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အတွင်း၌ ဖြစ်ပေါ်စေခဲ့သည် - ၁ကော၊၁၃း၃၁၈။ ၁၃း၄-၈၊ ၁၃။ ၁ယော၊၃း၁၄။

F. ဖိလဒေလဖိ၏နည်းလမ်းမှာ ဆာလံ ၂၃ ၌ ဖွင့်ပြထားသော ဘုရားသခင့်စီမံကိန်း၏နည်းလမ်း၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ကိုယ်တော်၏ ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၌ မိမိကိုယ်တော်တိုင်ကို ဝေဖြန်ဖြူးရန် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ အမှုတော်၌ရှိသော အသင်းတော်ကို ထိန်းကျောင်းနေသော ခရစ်တော်၏နည်းလမ်းဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ရှိရန် ဘုရား-လူအသက်တာကို အသက်ရှင်နိုင်ကြပေမည်။

II. မှောင်မိုက်၍ ယိုယွင်းပျက်စီးနေသည့် လောကအလယ်၌ ကျွန်ုပ်တို့၏လှုပ်ရှားလုပ်ဆောင်မှုမှာ အသက်၏နှုတ်ကပတ်တော်ကို ကိုင်စွဲလျက် အလင်းအိမ်များကဲ့သို့ ထွန်းလင်းတောက်ပရန် ဖြစ်သည် - ဖိ၊ ၂း၁၂-၁၆။

A. ခရစ်တော်သည် နေမင်းဖြစ်ပြီး၊ အသင်းတော်သည် လနှင့် ယုံကြည်သူများသည် ဂြိုလ်များ ဖြစ်ကြခြင်းမှာ အသက်၏ နှုတ်ကပတ်တော်ကို ကိုင်စွဲခြင်းအားဖြင့် ကိုယ်တော်ကို ရောင်ပြန်ဟပ်စေရန်ဖြစ်သည်။ အသက်၏ နှုတ်ကပတ်တော်ကို ကိုင်စွဲခြင်းဆိုသည်မှာ ခရစ်တော်ကို ရှင်ထွက်ခြင်းအားဖြင့် ယင်းကို ယူဆောင်လျှောက်လှမ်းရန်၊ ယင်းကို တင်ဆက်ပြသရန်နှင့် ၎င်းကို လောကသို့ ကမ်းလှမ်းပေးဝေရန်ပင်ဖြစ်သည် - တ၊၅း၂၀။

B. ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်နေသော ဘုရားသခင် (ဖိ၊း၁၃) သည် မစထောက်ပံ့သောဝိညာဉ်တော် (၁း၁၉)၊ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော် (၃း၁၀)နှင့် ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော် (၄း၁၃) ဖြစ်သည်။ အလင်းအိမ်များအဖြစ် ထွန်းလင်းရန် ဆိုသည်မှာ (၂း၁၅) ခရစ်တော်ကို ကြီးမားထင်ရှားရန် (၁း၂၀) ဖြစ်ပြီး၊ အသက်၏နှုတ်ကပတ်တော်ကို ကိုင်စွဲခြင်း ဆိုသည်မှာ ခရစ်တော်ကို အသက်ရှင်ရန် (၁း၂၁က) ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကြီးမားထင်ရှားခြင်းအတွက် လောက ၌အလင်းအိမ်များအဖြစ် ထွန်းလင်းတောက်ပစေရန် ခရစ်တော်အား ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော်၊ အတွင်းပိုင်းပြုပြင်လုပ်ဆောင်တော်မူသော ဘုရားသခင်၊ ကျွန်ုပ်တို့အား ခွန်အားနှင့်ပြည့်စုံစေတော်မူသောအရှင်အဖြစ် သိကျွမ်းရန် ဆန္ဒပြင်းပြရမည် ဖြစ်သည် - ၃း၁၀။ ၂း၁၃။ ၄း၁၃။ ၁း၂၀။

D. ပေတရုကို ထောင်ထဲမှ ရုပ်ပိုင်းဆိုင်ရာအရ လွတ်မြောက်စေခဲ့သော တန်ခိုးတော်မှာ ဘုရားသခင်၏ တန်ခိုးတော် ဖြစ်သော်လည်း ပေါလုသည် ထောင်ထဲတွင် ကျန်ရှိနေစဉ် တွေ့ကြုံခံစားခဲ့သော တန်ခိုးတော်မှာမူ ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးတော် ဖြစ်သည် - တ၊၅း၁၈-၂၀။ ဖိ၊၁း၁၉။ ၃း၁၀။

1. ဘုရားသခင်၏ဓမ္မသစ်စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အပြင်ပိုင်းနိမိတ်လက္ခဏာမဟုတ်ဘဲ အတွင်းပိုင်းနိမိတ်လက္ခဏာသာဖြစ်သည်။ အတွင်းပိုင်းအဲ့ဖွယ်ရာမှာ ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းဖြစ်ရန် ကျွန်ုပ်တို့အထဲသို့ ဆောင်သွင်းခံရခြင်းပင် ဖြစ်၍၊ ကျွန်ုပ်တို့၏အားနည်းချက်များ၌ပင် ခရစ်တော်ကို ထွန်းလင်းနိုင်ရန် အတွင်းပိုင်းဆိုင်ရာ ထောက်ပံ့ပေးခြင်း၊ အားဖြည့်ပေးခြင်းနှင့် ခွန်အားနှင့်ပြည့်စုံစေခြင်းတို့ကို ပြုလုပ်ပေးတော်မူသည် - ၂ကော၊၁၂း၇-၁၀။
2. ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်သည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် မည်သည့်ပတ်ဝန်းကျင် အခြေအနေ၌မဆို ခရစ်တော်ကို ကျွန်ုပ်တို့ထွန်းလင်းနိုင်ရန်အဖို့ လျှို့ဝှက်ချက်ဖြစ်ပြီး၊ ဤလျှို့ဝှက်ချက်၏ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏ နေ့စဉ်နှင့် တစ်ချိန်ပြီးတစ်ချိန် ကယ်တင်ခြင်းအဖြစ် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော အရာအားလုံးပါဝင်သည့် ယေရှုခရစ်၏ ဝိညာဉ်တော်ပင်ဖြစ်သည် - ဖိ၊ ၁း၁၉။ ၄း၂၃။

E. ညည်းတွားမြည်တမ်းခြင်းများနှင့် အကြောင်းပြခြင်းများ နှစ်ခုလုံးသည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှ ကျွန်ုပ်တို့ကို အဟန့်အတား ဖြစ်စေသည်၊ ကိုယ်တော်သည် သူ၏ဘုန်းအသရေအတွက် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတဆင့် ထွန်းလင်းခြင်း ရှိလိုသည် - ၂း၁၄။

1. ညည်းတွားခြင်းဆိုသည်မှာ မကျေနပ်ခြင်း၊ တီးတိုးရေရွတ်ခြင်းနှင့် ညည်းညူခြင်းတို့ဖြစ်ပြီး၊ ၎င်းတွင် အပြစ်ရှာခြင်း၊ တိတ်တဆိတ် အငြင်းပွားခြင်း၊ မနှစ်သက်ခြင်းနှင့် စောဒကတက်ခြင်းတို့ပါဝင်သည်။ "ထိုသူအချို့တို့သည် မြည်တမ်းခြင်းကို ပြု၍၊ ဖျက်ဆီးသောသူ၏လက်ဖြင့် ပျက်စီးသကဲ့သို့၊ မြည်တမ်းခြင်းကို မပြုကြနှင့်" - ၁ကော၊၁၀း၁၀။
2. အကြောင်းပြခြင်းဆိုသည်မှာ သံသယစိတ် သို့မဟုတ် မယုံကြည်မှုများ ပါဝင်နေသော အငြင်းပွားမှုများနှင့် ဆွေးနွေးမှုများဖြစ်သည်။ ၎င်းတို့တွင် မေးခွန်းထုတ်ခြင်း၊ သံသယဝင်ခြင်းနှင့် မိမိဘာသာ အဓိပ္ပါယ်ကောက်ယူခြင်း သို့မဟုတ် ကောက်ချက်ချခြင်းတို့ ပါဝင်သည် - ညွှန်း၊ ၁း၃-၆။ ၆း၃-၄။ ၂ကော၊၁၁း၂-၃။
3. ပုန်ကန်သောစကားနှင့် ပုတ်ခတ်ပြောဆိုသောစကားတို့သည် အကြောင်းပြခြင်းမှ လာသည်။ သခင်ဘုရား၏ အစေခံတစ်ဦးသည် မှောင်မိုက်၏ အခွင့်အာဏာအောက်ရှိ မှန်ခြင်း မှားခြင်း၏ နယ်ပယ်၌ မဟုတ်ဘဲ အလင်း၏အခွင့်အာဏာအောက်ရှိ အလင်း၏နယ်ပယ်၌ ခရစ်တော်၏ဦးခေါင်းတော်အရိုက်အရာအောက်တွင် အသက်ရှင်၍ "ကောင်းချီးခံရသော မျက်စိကွယ်စေခြင်း" ကိုရရှိရန် သခင်ဘုရားအားဖြင့် အလင်းထွန်းလင်းခံရခြင်းအားဖြင့် အကြောင်းပြခြင်းများမှ လွတ်မြောက်ရမည်ဖြစ်သည်- တ၊ ၂း၁၀။ ကော၊၁း၁၂-၁၃။ ရော၊၉း၂၀-၂၁။ ၁း၃၄။ ညွှန်း၊ တ၊၁၆း၂၅။
4. လူ၏ပုန်ကန်ခြင်းသည် စကားလုံးများ၊ စဉ်းစားတွေးခေါ်ခြင်းနှင့် ကျိုးကြောင်းဆင်ခြင်ခြင်းတို့၌ ထင်ရှားသည်။ ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်းတို့သည် ဘုရားကို မနာခံသောသူတို့၏ အသိဉာဏ်အတွင်း၌ရှိသော ဘုရားသခင့်ရန်သူ စာတန်၏ ခံတပ်များ ဖြစ်သည်။ ဝိညာဉ်ရေးရာတိုက်ပွဲအားဖြင့် ကျိုးကြောင်းဆင်ခြင်ခြင်းများ အားလုံးကို မှောက်လှန်၍၊ စဉ်းစားတွေးခေါ်ခြင်းများကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင် စေကြရမည် - ၂ကော၊၁၀း၃-၅။
5. ဝတ်ပြုရာကျမ်း ၁၈ မှ ၂၀ ၌ သခင်ဘုရားသည် မိမိ၏လူမျိုးတော်အား တစ်စုံတစ်ခုပြုလုပ်ရန် မိန့်တော်မူသည့်အခါတိုင်း ထိုပညတ်ချက်များအကြားတွင် "ငါသည် ယေဟောဝါဖြစ်တော်မူ၏" ဟူသော စကားလုံးကို ထည့်သွင်းဖော်ပြခဲ့သည်။ ထိုနေရာတွင် *အဘယ်ကြောင့်ဆိုသော်* ဟူသည့် စကားလုံးပင် မပါရှိပေ - "ငါသည် ယေဟောဝါ ဖြစ်တော်မူ၏" ဟူသည် အကြောင်းရင်းပင် ဖြစ်သည်။

F. ခရစ်တော်ကို အသက်ရှင်ရန်နှင့် ခရစ်တော်ကို ကိုယ်တော်၏အလင်းအိမ်များအဖြစ် ထွန်းလင်းတောက်ပနိုင်ရန်အလို့ငှာ ညည်းတွားမြည်တမ်းခြင်းများနှင့် အကြောင်းပြခြင်းများမှ ကယ်တင်ခံရရန်နည်းလမ်းမှာ ကိုယ်တော်အား အသက်၏ နှုတ်ကပတ်တော်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ အတွင်းပိုင်း လှုံ့ဆော်ခွန်အားပေးသော တန်ခိုးတော်အဖြစ် ကိုယ်တော်နှင့် ဆက်သွယ်နေထိုင်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ဆုတောင်ခြင်း၌ ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၌ နေထိုင်ခြင်းနှင့် ခရစ်တော်၏ ဘုန်းတော်နှင့်ပြည့်ဝသော ကိုယ်ခန္ဓာတော်အတွက် အံ့ဖွယ်ဝိညာဉ်တော် တည်းဟူသော သုံးပါးတစ်ပါးဘုရားအားဖြင့် ကျွန်ုပ်တို့၏ အံ့ဖွယ်ဝိညာဉ်၌ ဝမ်းမြောက်သော၊ ကျေးဇူးတင်သော၊ ချီးမွမ်းသော အသက်တာကို အသက်ရှင်ခြင်းလည်း ဖြစ်သည် - ဖိ၊၁း၁၉။ ၂း၁၃။ ၃း၁၀။ ၄း၁၃။ ၂း၁၅။ ၄း၆။ ၁သက်၊၅း၁၆-၂၀။

© 2026 Living Stream Ministry